ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဘဏ္ဍာရေးဝန်ကြီးဌာန

ဝန်ကြီးရုံး

**အမိန့်ကြော်ငြာစာ**

အမှတ်၊ ၁၈ / ၂၀၁၆

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်

( ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက် )

ဘဏ္ဍာရေးဝန်ကြီးဌာနသည် ကုန်သွယ်လုပ်ငန်းခွန်ဥပဒေပုဒ်မ ၂၉၊ ပုဒ်မခွဲ (က)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ပြည်ထောင်စုအစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ဤပြင်ဆင်သည့် စည်းမျဉ်းများကို ထုတ်ပြန်လိုက်သည်။

၁။ ဤစည်းမျဉ်းများကို ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများကို ပြင်ဆင်သည့် စည်းမျဉ်းများ ဟု ခေါ်တွင်စေရမည်။

၂။ ဤစည်းမျဉ်းများသည် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ အကျိုးသက်ရောက်စေရမည်။

၃။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများတွင်ပါရှိသော "ကုမ္ပဏီများဆိုင်ရာအခွန်ရုံး" ဆိုသည့် စကားရပ်များကို "အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံး" ဆိုသည့်စကားရပ်ဖြင့်အသီးသီး အစားထိုးရမည်။

၄။ ကုန်သွယ်လုပ်ငန်းခွန် စည်းမျဉ်းများ စည်းမျဉ်း ၉၊ စည်းမျဉ်းခွဲ (ဂ)၏ နောက်တွင် စည်းမျဉ်းခွဲ (ဃ) ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဃ) စည်းမျဉ်းခွဲ (ဂ) အရ ကျသင့်အခွန် ပေးသွင်းခြင်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာနှစ် ကုန်ဆုံးသည့် လ အတွက် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ၁၀ ရက်အတွင်း ပေးသွင်းသည့် ကျသင့်အခွန်ကို သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းသည့် အခွန် အဖြစ် မှတ်ယူရမည်။"

၅။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၄၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၄၂။ ဥပဒေအရ အခွန်တစ်ကြိမ်တည်းသာ ကျသင့်စေရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကုန်ထုတ်လုပ်သူသည် မိမိထုတ်လုပ်သည့် ကုန်စည်ရောင်းချမှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်စည်ထုတ်လုပ်မှု လုပ်ငန်း

အလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) အခြား ကုန်ထုတ်လုပ်သူထံမှဖြစ်စေ၊ ကုန်သွယ်မှုလုပ်ငန်း ဆောင်ရွက်သူထံမှဖြစ်စေ၊ ပြည်ပမှကုန်စည်တင်သွင်းသူထံကဖြစ်စေဝယ်ယူသောကုန်စည်များအတွက်ကုန်စည်တန်ဖိုးနှင့်အတူပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်စည်ထုတ်လုပ်မှု လုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင်ဝန်ဆောင်မှုရငွေနှင့်အတူပေးဆောင်ခဲ့ရသောကုန်သွယ်လုပ်ငန်းခွန်။

(ခ) ပြည်ပမှ ကုန်စည်တင်သွင်း ရောင်းချခြင်း အပါအဝင် ကုန်သွယ်မှု ဆောင်ရွက်သူသည် မိမိရောင်းချသည့် ကုန်စည်အပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းကုန်သွယ်မှုလုပ်ငန်း အလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) ပြည်တွင်း၌ ဝယ်ယူသော ကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ကုန်သွယ်မှုလုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှုလုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်။

(ဂ) ဝန်ဆောင်မှု ဆောင်ရွက်သူသည် မိမိဆောင်ရွက်သည့် ဝန်ဆောင်မှုအပေါ် ကျသင့်သည့် ကုန်သွယ်လုပ်ငန်းခွန်မှ ဘဏ္ဍာရေးနှစ်အတွင်း ယင်းဝန်ဆောင်မှုလုပ်ငန်း အလို့ငှာ ပေးဆောင်ခဲ့ရသည့် အောက်ဖော်ပြပါ ကုန်သွယ်လုပ်ငန်းခွန်များကို ခုနှိမ်နိုင်သည်-

(၁) ပြည်ပမှ ကိုယ်တိုင်ဝယ်ယူတင်သွင်းသောကုန်စည်များ၏ ကုန်းပေါ်ရောက်တန်ဖိုးအပေါ် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်၊

(၂) ပြည်တွင်း၌ ဝယ်ယူသော ကုန်စည်များအတွက် ကုန်စည်တန်ဖိုးနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ်လုပ်ငန်းခွန်၊

(၃) ဝန်ဆောင်မှု လုပ်ငန်းအတွက် ရယူခဲ့ရသော ဝန်ဆောင်မှု လုပ်ငန်းများတွင် ဝန်ဆောင်မှုရငွေနှင့်အတူ ပေးဆောင်ခဲ့ရသော ကုန်သွယ် လုပ်ငန်းခွန်။

(ဃ) အထက်စည်းမျဉ်းခွဲများအရခုနှိမ်ခွင့်ရှိသည့်ကုန်သွယ်လုပ်ငန်းခွန်တွင် ဆောင်ရွက်သည့်လုပ်ငန်း၏ ပုံသေပိုင်ပစ္စည်း သို့မဟုတ် မတည်အပိုင် ပစ္စည်းများအတွက် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန် ပါဝင်ခြင်း မရှိစေရ။

(င) ကျသင့်အခွန်မှ ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်ကို ခုနှိမ်ရာတွင် ပေးဆောင်ခဲ့ရသည့် ကုန်သွယ်လုပ်ငန်းခွန်က ပိုမိုသည့်ကိစ္စ၌ ခုနှိမ်ရန် ပိုမိုနေသည့် ကုန်သွယ်လုပ်ငန်းခွန်ကိုလုပ်ငန်း၏အသုံးစရိတ်အဖြစ် ဝင်ငွေခွန်တွက်ချက်ရာတွင် ခွင့်ပြုနုတ်ပယ်ပေးရမည်။

(စ) ဤစည်းမျဉ်းတွင် အကျုံးဝင်သည့် ကုန်ထုတ်လုပ်ရောင်းချသူ၊ ကုန်စည်ဝယ်ယူရောင်းချသူ၊ ဝန်ဆောင်မှုဆောင်ရွက်သူတို့သည် လည်းကောင်း၊ ပြည်ပမှ ကုန်စည်တင်သွင်းရောင်းချသူသည် လည်းကောင်း ဤဥပဒေအရနှစ်အလိုက် မှတ်ပုံတင်ပြီးသူများ ဖြစ်ရမည်။

(ဆ) ဤစည်းမျဉ်းအရ ကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်ခွင့်သည် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဖြင့် အခွန်ခုနှိမ်ခွင့် မရှိကြောင်း သတ်မှတ်ထားသည့် ကုန်စည်များနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ဇ) ကုန်စည်ကို ပြည်ပမှဝယ်ယူတင်သွင်းခြင်း ဖြစ်ပါက ကုန်စည် တင်သွင်းသူသည် သတ်မှတ်ပုံစံဖြင့်သက်သေခံလက်မှတ်နှစ်စောင်ပြုစုပြီး မူရင်းခွဲကိုမိမိနှင့်သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ ပေးပို့ပြီး မူရင်းကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။ ပြည်တွင်း၌ ဝယ်ယူခြင်း ဖြစ်ပါက ကုန်စည်ကို ရောင်းချသူသည် သတ်မှတ်ပုံစံဖြင့် သက်သေခံ လက်မှတ်သုံးစောင် ပြုစု၍ မူရင်းကို ဝယ်ယူသူသို့ လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝယ်ယူသူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ လည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

(ဈ) ဝန်ဆောင်မှု ဆောင်ရွက်သူသည် ဝန်ဆောင်မှုရငွေနှင့်အတူ ကောက်ခံထားသည့် အခွန်နှင့် စပ်လျဉ်း၍ သတ်မှတ်ပုံစံဖြင့် သက်သေခံလက်မှတ် သုံးစောင်ပြုစု၍ မူရင်းကို ဝန်ဆောင်မှုရယူသူသို့ လည်းကောင်း၊ မူရင်းခွဲတစ်စောင်ကို ဝန်ဆောင်မှုရယူသူနှင့် သက်ဆိုင်သည့် မြို့နယ်အခွန်ဦးစီးဌာနမှူးထံ လည်းကောင်း ပေးပို့၍ ကျန်မူရင်းခွဲ တစ်စောင်ကို လက်ခံအဖြစ် သိမ်းဆည်းထားရမည်။

(ည) စည်းမျဉ်းခွဲ (က) သို့မဟုတ် (ခ) သို့မဟုတ် (ဂ) အရ အခွန်ခုနှိမ်ခွင့် ရှိသူသည် ထိုသို့အခွန်ခုနှိမ်ကြောင်း သတ်မှတ်ပုံစံနှင့်အတူ စည်းမျဉ်းခွဲ (ဇ) နှင့် (ဈ) တို့အရ သက်သေခံလက်မှတ် သို့မဟုတ် လက်မှတ်များကိုပူးတွဲလျက် မြို့နယ်အခွန်ဦးစီးမှူးထံ

တင်ပြရမည်။ သို့ရာတွင် ပျက်စီး ဆုံးရှုံးသွားသည့် ကုန်စည်များ၊ ရောင်းချခြင်း မပြုသည့် ကုန်စည်များအပေါ် အခွန် ခုနှိမ်ခွင့် မရှိစေရ။

(ဋ) ညွှန်ကြားရေးမှူးချုပ်သည်အခွန်ခုနှိမ်ခွင့်နှင့်ပတ်သက်၍ စည်းမျဉ်းခွဲ(ဓ)နှင့်(ဈ)ပါ နည်းလမ်းအတိုင်းဆောင်ရွက်ရန်ခက်ခဲမည့်ကိစ္စရပ်များအတွက်ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာန၏ သဘောတူခွင့်ပြုချက်ဖြင့် နည်းလမ်းများ သတ်မှတ်ပေးခြင်း၊ အသုံးပြုရမည့် သက်သေခံလက်မှတ်ပုံစံများကို ထုတ်ပြန်သတ်မှတ်ခြင်း ပြုနိုင်သည်။"

၆။ ကုန်သွယ်လုပ်ငန်းခွန်စည်းမျဉ်းများ စည်းမျဉ်း ၅၂ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၅၂။ ဥပဒေအရ အကြောင်းကြားစာ သို့မဟုတ် အခွန်ငွေတောင်းခံစာနှင့် စပ်လျဉ်း၍ ယင်းတို့တွင် အမည်ဖော်ပြထားသူအားလည်းကောင်း၊ နိုင်ငံပိုင်စီးပွားရေး အဖွဲ့အစည်း၊ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံ၊ အသင်း၊ ကုမ္ပဏီ၊ ဖက်စပ်လုပ်ငန်းနှင့် အစုစပ်လုပ်ငန်းတို့၏ ဥက္ကဋ္ဌ၊ အုပ်ချုပ်သူ၊ ဒါရိုက်တာ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်နှင့် အစုဝင် တစ်ဦးဦးအား လည်းကောင်း စာတိုက်မှဖြစ်စေ၊ အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ ပေးပို့အတည်ပြုနိုင်သည်။ ထို့အပြင် အဆိုပါ အကြောင်းကြားစာ သို့မဟုတ် အခွန်ငွေ တောင်းခံစာကို တရားမ ကျင့်ထုံး ဥပဒေအရ သမ္မန်စာ ချအပ်သည့် နည်းလမ်းအတိုင်းလည်း ချအပ်နိုင်သည်။"

ဝင်းရှိန်
ပြည်ထောင်စုဝန်ကြီး

---ooo---

စာအမှတ်၊ဘဏ္ဍာ-၂/၁/၂၉၅( ၆၁၂ /၂၀၁၆)
ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်

<u>ဖြန့်ဝေခြင်း</u>
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ပြည်ထောင်စုဝန်ကြီးဌာနများအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
နေပြည်တော်ကောင်စီရုံး

ဘဏ္ဍာရေးဝန်ကြီးဌာနအောက်ရှိဌာနအဖွဲ့အစည်းများအားလုံး
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း
ဤဝန်ကြီးရုံး၊ ဌာနခွဲများအားလုံး

(မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းပေးနိုင်ပါရန် မေတ္တာရပ်ခံချက်ဖြင့်ပေးပို့ပါသည်။)

အမိန့်အရ

(မောင်မောင်ဝင်း)
အမြဲတမ်းအတွင်းဝန်